ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# လူမှုရေး
# တတိယတန်း



၂၀၁၉–၂၀၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# လူမှုရေး
# တတိယတန်း

၂၀၁၉–၂၀၂၀

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန၏ အခြေခံပညာမူလတန်းသင်ရိုးညွှန်းတမ်းအသစ်များ ရေးဆွဲပြုစုအကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းတွင် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က နည်းပညာပံ့ပိုးကူညီမှုပေးပါသည်။

# မာတိကာ



| အခန်း | သင်ခန်းစာ | စာမျက်နှာ |
|---|---|---|
| ၁ | ကျွန်ုပ်တို့၏မြို့ | |
| | (၁-၁) မောင်မောင်နေထိုင်သောမြို့ | ၁ |
| | (၁-၂) မောင်မောင်နေထိုင်သောမြို့၏ အိမ်တွင်းမှုလုပ်ငန်း | ၁၀ |
| ၂ | ကျွန်ုပ်တို့၏ကျေးရွာ | |
| | (၂-၁) မောင်မောင်၏သူငယ်ချင်း နေထိုင်သောကျေးရွာ | ၁၆ |
| | (၂-၂) မောင်မောင်၏သူငယ်ချင်း နေထိုင်သောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း | ၂၄ |
| ၃ | ဒေသနှစ်ခုကို ဆက်စပ်လေ့လာခြင်း | ၃၀ |
| ၄ | ကျွန်ုပ်အားကျ ဂုဏ်ယူရသော သမိုင်းဝင်ခေါင်းဆောင်များ | ၃၃ |
| | (၄-၁) မင်းတုန်းမင်း | ၃၄ |
| | (၄-၂) အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း | ၄၂ |
| | (၄-၃) ငြိမ်းချမ်းရေးဗိသုကာ ဦးသန့် | ၅၀ |
| | လေ့ကျင့်ခန်းများ | ၅၈ |

# အခန်း (၁) ကျွန်ုပ်တို့၏မြို့

## (၁–၁) မောင်မောင်နေထိုင်သောမြို့




မောင်မောင်တို့နေတဲ့မြို့ကို လေ့လာကြရအောင်
ညောင်တုန်းမြို့
ရန်ကင်းစံရာ
(အနောက်ကျွန်း)
ပုသိမ်သို့


ပန်း
လှိုင်
မြစ်
မ
လမ်း မ တော် လမ်း
ဗန္ဓုလ လမ်း
ဗိုလ် ချုပ် လမ်း
ရန် ကုန် - ပု သိမ် လမ်း
ရန်ကုန်သို့



မောင်မောင်တို့နေတဲ့ ညောင်တုန်းမြို့ရဲ့ ဘယ်နေရာတွေမှာ ဘာတွေတွေ့သလဲ ရှာဖွေကြည့်ကြရအောင်


- ➤ ပန်းလှိုင်မြစ်ကို မြို့ရဲ့ ဘယ်ဘက်မှာတွေ့ရသလဲ။
- ➤ မြစ်ကမ်းတစ်လျှောက် ဘာတွေ တွေ့ရသလဲ။
- ➤ မြစ်က ဘာအတွက် အသုံးဝင်သလဲ။




- ➤ မြေနုကျွန်းကို ဘယ်ဘက်မှာ တွေ့ရသလဲ။
- ➤ မြေနုကျွန်းပေါ်မှာ ဘာတွေ တွေ့ရသလဲ။



- ➤ စိုက်ပျိုးထားတဲ့ အပင်တွေကို မြို့ရဲ့ ဘယ်ဘက်မှာ တွေ့ရသလဲ။
- ➤ လယ်ကွင်းတွေကို မြို့ရဲ့ ဘယ်ဘက်မှာ တွေ့ရသလဲ။
- ➤ ဟင်းသီးဟင်းရွက်စိုက်ခင်းတွေကို မြို့ရဲ့ ဘယ်ဘက်မှာ တွေ့ရသလဲ။





- ➤ ရေကန်တွေကို မြို့ရဲ့ ဘယ်ဘက်မှာ တွေ့ရသလဲ။
- ➤ ရေကန်တွေထဲမှာ ဘာတွေမွေးထားမယ်လို့ ထင်သလဲ။
- ➤ ရေကန်တွေရဲ့ဘေးမှာ ဘာအပင်တွေ တွေ့သလဲ။
- ➤ အဲဒီအပင်တွေက ဘာတွေရမယ်ထင်သလဲ၊ ဘာလုပ်လို့ရသလဲ။



➢ လမ်းတွေက ဘယ်လိုရှိနေတာလဲ။
➢ အဓိကလမ်းမကြီး ဘယ်နှလမ်း တွေ့သလဲ။





➢ မြို့ရဲ့ ဘယ်ဘက်မှာ လူနေအိမ်ခြေ များသလဲ။
➢ အိမ်တွေအပြင် တခြားဘာအဆောက်အအုံတွေ ရှိသေးသလဲ။
➢ အများပြည်သူနဲ့ဆိုင်တဲ့ အဆောက်အအုံတွေက ဘာတွေလဲ။

## အရပ် ၈ မျက်နှာကို လေ့လာကြမယ်






ညောင်တုန်းမြို့ပုံပေါ်မှာရှိတဲ့ ဒီပုံကလေးက ဘာလဲ



အဲဒါကတော့ အရပ် ၈ မျက်နှာကို ဖော်ပြထားတာဖြစ်တယ်

ပုံပေါ်မှာရှိတဲ့ နေရာတွေကို တိတိကျကျ ရှာဖွေဖော်ထုတ်နိုင်ဖို့ ဒီအရပ်မျက်နှာတွေကို လေ့လာကြမယ်

ဒုတိယတန်းတုန်းက အရပ် ၄ မျက်နှာကို သိခဲ့ပြီးပြီ။ ဒါဆိုရင် အခု အရပ် ၈ မျက်နှာကိုလဲ အလွယ်တကူသိနိုင်တယ်။

❖ အရှေ့နဲ့ မြောက် ကြားအရပ်ကို အရှေ့မြောက်အရပ်
❖ အရှေ့နဲ့ တောင် ကြားအရပ်ကို အရှေ့တောင်အရပ်
❖ အနောက်နဲ့ မြောက် ကြားအရပ်ကို အနောက်မြောက်အရပ်
❖ အနောက်နဲ့ တောင် ကြားအရပ်ကို အနောက်တောင်အရပ်



ညောင်တုန်းမြို့ရဲ့ လူသိများတဲ့ နေရာတွေအကြောင်း
လေ့လာကြရအောင်



ညောင်တုန်းမြို့၏အရှေ့တောင်ဘက်တွင် မိုးဟုတ်စေတီ ရှိပါသည်။ ထိုစေတီတော်၏ ဘုရားပွဲတော်ကို တပေါင်းလတွင် နှစ်စဉ်ကျင်းပလေ့ရှိပါသည်။ ညောင်တုန်းမြို့တွင် အခြားထင်ရှားသော ဘုရားများနှင့် စေတီများလည်း ရှိပါသည်။

ညောင်တုန်းမြို့၏ မြောက်ဘက်ပိုင်းသည် အိမ်ခြေထူထပ်သည့် နေရာဖြစ်သည်။ ထိုနေရာတွင် ဈေး၊ စာသင်ကျောင်း၊ ဆေးရုံ၊ အုပ်ချုပ်ရေးမှူးရုံး၊ မီးသတ်၊ ရဲစခန်း၊ တရားရုံး၊ ဘဏ်၊ စတိုးဆိုင်များနှင့် အစိုးရရုံးများလည်း ရှိပါသည်။





ညောင်တုန်းမြို့၏ မြောက်ဘက်ပိုင်းရှိ ပန်းလှိုင်မြစ်ကမ်းအနီးတွင် မြို့မဈေး ရှိပါသည်။ ပန်းလှိုင်မြစ်ကိုအသုံးပြု၍ ညောင်တုန်းမြို့အနီးပတ်ဝန်းကျင်ဒေသများမှ ထွက်ကုန်ပစ္စည်းများကို မြို့မဈေးသို့ တင်ပို့ ရောင်းချကြသည်။




ညောင်တုန်းမြို့အနီးတွင် မြစ်များရှိသဖြင့် မိုးတွင်းအခါ နှစ်စဉ် ရေကြီးရေလျှံလေ့ရှိသည်။ နွေနှင့်ဆောင်းရာသီတွင် မြစ်ရေလျော့နည်းသွားပြီး ညောင်တုန်းမြို့အနောက်ဘက်ရှိ မြစ်ကမ်းဘေးနေရာတွင် မြေနုကျွန်းနှင့် သောင်များပေါ်လာသည်။ ထိုမြေနုကျွန်းနှင့် သောင်များပေါ်တွင် ဟင်းသီးဟင်းရွက်အမျိုးမျိုးကို စိုက်ပျိုးကြသည်။

ညောင်တုန်းမြို့၏ အနောက်မြောက်ဘက်တွင် ညောင်ချောင်းသာ(ရန်ကင်းသာ) အပန်းဖြေရေချိုးဆိပ် တည်ရှိပါသည်။ ဈေးဆိုင်များ၊ အပန်းဖြေအနားယူသူများဖြင့် စည်ကားသော နေရာတစ်ခုဖြစ်သည်။ မိုးတွင်းကာလတွင် မြစ်ရေများ မြင့်တက်လာသဖြင့် ထိုနေရာကို ရေများဖုံးလွှမ်းသွားသည်။





မိုးဟုတ်စေတီ၏ အနောက်မြောက်ဘက်တွင် အဝေးပြေးကားဂိတ် ရှိပါသည်။ ထိုကားဂိတ်မှ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့များသို့ အလွယ်တကူ သွားလာနိုင်ပါသည်။









ညောင်တုန်းမြို့ကတော့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ တည်ရှိတဲ့ မြစ်ဝကျွန်းပေါ် မြို့တစ်မြို့ဖြစ်တယ်။ ဧရာဝတီမြစ်နဲ့ ပန်းလှိုင်မြစ်တို့ရှိပြီး မိုးများတဲ့ဒေသဖြစ်တဲ့အတွက် ရေကြီးရေလျှံလေ့ရှိတယ်။ ဒါကြောင့်မြို့ကိုရေကာတာတွေနဲ့ကာရံထားရတယ်။ နွေနဲ့ဆောင်းရာသီချိန်တွေမှာတော့ မြစ်ရေလျော့နည်းသွားတဲ့အတွက် နုန်းအနည်အနှစ်တွေတင်ကျန်ခဲ့ပြီး မြေနုကျွန်းတွေ သောင်တွေဖြစ်ပေါ်လာတယ်။ အဲဒါတွေဟာ စိုက်ပျိုးရေးအတွက် မြေဩဇာအလွန်ကောင်းတယ်။ ညောင်တုန်းမြို့မှာနေတဲ့လူတွေက အဲဒီမြစ်ကို စိုက်ပျိုးရေးနဲ့ သုံးရေအတွက် အသုံးပြုတယ်။ ခရီးသည်နဲ့ ကုန်စည်သယ်ယူပို့ဆောင်ရေးအတွက်လဲ ရေလမ်းခရီးအဖြစ် အသုံးပြုကြတယ်။

အိမ်ထောင်စုပေါင်း ငါးထောင်ကျော်ရှိပြီး နေထိုင်သူဦးရေ နှစ်သောင်းကျော်ရှိတယ်။ ဗမာလူမျိုး၊ ကရင်လူမျိုးနဲ့ အခြားလူမျိုးတွေနေထိုင်ကြတယ်။ ပန်းလှိုင်မြစ်ကမ်းတစ်လျှောက်ဟာ မြို့ရဲ့အချက်အချာကျတဲ့ နေရာဖြစ်တဲ့အတွက် အခြားနေရာတွေထက် လူနေပိုများတယ်။ ညောင်တုန်းမြို့မှာ ဘုရားစေတီတွေနဲ့ ဘာသာရေးဆိုင်ရာ အဆောက်အအုံတွေ အများအပြားရှိပြီး ဗုဒ္ဓဘာသာနဲ့ အခြားဘာသာ ကိုးကွယ်သူတွေ နေထိုင်ကြတယ်။

ညောင်တုန်းမြို့အနီးမှာ မြစ်တွေနဲ့ ငါးမွေးမြူရေးကန်တွေရှိတဲ့အတွက် ငါး၊ပုစွန်မွေးမြူရေးလုပ်ငန်း၊ ငါးပိ၊ငါးခြောက်လုပ်ငန်းတွေ လုပ်ကိုင်ကြတယ်။ ငါးကန် အနီးတစ်ဝိုက်မှာ ငှက်ပျောပင်တွေတွေ့ရပြီး ညောင်တုန်းမြို့ရဲ့ ထင်ရှားတဲ့ ငှက်ပျောကြော်လုပ်ငန်းလဲရှိတယ်။ ငှက်ပျောကြော်လုပ်ငန်းအပြင် ပဲကြော်လုပ်ငန်း၊ ကြိုးကျစ်လုပ်ငန်း၊ အုတ်၊သဲ၊ကျောက်ရောင်းဝယ်ရေးလုပ်ငန်း၊ သစ်၊ဝါးရောင်းဝယ်ရေးလုပ်ငန်း၊ ဆန်စက်လုပ်ငန်း၊ သစ်စက်လုပ်ငန်း၊ ပွဲရုံလုပ်ငန်းစတဲ့လုပ်ငန်းတွေကို လုပ်ကိုင်ကြတယ်။ မြို့ပတ်ဝန်းကျင်မှာရှိတဲ့ လယ်ကွင်းတွေမှာတော့ စပါးကို အဓိကစိုက်ပျိုးကြတယ်။ ဟင်းသီးဟင်းရွက်စိုက်ခင်းတွေမှာတော့ ရာသီသီးနှံတွေ စိုက်ပျိုးကြပြီး ရန်ကုန်မြို့ကို နေ့ချင်းအရောက် တင်ပို့ကြတယ်။ ရန်ကုန်-ပုသိမ် အဝေးပြေးကားလမ်းမကြီးရှိတဲ့အတွက် ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့မြို့တွေဆီ အလွယ်တကူ သွားလာနိုင်တယ်။

ညောင်တုန်းမြို့အနီးမှာ အနယ်နယ်အရပ်ရပ်ကလူတွေ လာရောက်အပန်းဖြေကြတဲ့ ညောင်ချောင်းသာ(ရန်ကင်းသာ) အပန်းဖြေရေချိုးဆိပ်ရှိတယ်။ အပန်းဖြေရေချိုးဆိပ်ရှိတဲ့အတွက် ဒေသတွင်းနဲ့ ဒေသဝန်းကျင်ရှိလူတွေကို အလုပ်အကိုင်ရရှိစေတယ်။

## လေ့ကျင့်ခန်း

လုပ်ငန်း (၁)။ ညောင်တုန်းမြို့နဲ့ပတ်သက်ပြီး ဘာတွေလေ့လာတွေ့ရှိခဲ့သလဲ။

လုပ်ငန်း (၂)။ လေ့လာတွေ့ရှိတဲ့အရာတွေထဲက အနည်းဆုံး ၂ ခုကို အလုပ်အကိုင် နေထိုင်စားသောက်မှုတွေနဲ့ ဆက်နွှယ်ပြီး မှတ်စုရေးပါ။

ဥပမာ- **လေ့လာတွေ့ရှိတဲ့အရာ–** မြစ်

**အလုပ်အကိုင် နေထိုင်စားသောက်မှု–** မြစ်ရှိသည့်အတွက် မြစ်ရေကို အသုံးပြုနိုင်သည်။ တစ်နေရာမှ တစ်နေရာသို့ ရေကြောင်းဖြင့် သွားလာနိုင်သည်။ ကုန်ပစ္စည်း သယ်ယူပို့ဆောင်နိုင်သည်။

# (၁–၂) မောင်မောင်နေထိုင်သောမြို့၏ အိမ်တွင်းမှု လုပ်ငန်း



ညောင်တုန်းမြို့မှာ ဘယ်လိုအိမ်တွင်းမှုလုပ်ငန်းတွေ လုပ်ကိုင်ကြသလဲ



ငှက်ပျောကြော်လုပ်ငန်းတွေ လုပ်ကိုင်ကြတယ်



ပဲကြော်လုပ်ငန်းတွေလဲရှိတယ်



ကြိုးကျစ်လုပ်ငန်းလဲ လုပ်ကိုင်ကြတယ်



အဲဒီလုပ်ငန်းတွေထဲက ငှက်ပျောကြော်လုပ်ငန်းကတော့ အိမ်တွင်းမှု လုပ်ငန်းတွေထဲမှာ အောင်မြင်နေတဲ့ လုပ်ငန်းတစ်ခုဖြစ်တယ် အဲဒီ ငှက်ပျောကြော်တွေရလာအောင် ဘာတွေ လုပ်ကြရတယ်လို့ ထင်သလဲ



ငှက်ပျောသီးကို အခွံနွှာရတယ်




ငှက်ပျောသီးကို ခြစ်ပြီးကြော်ရတယ်



ငှက်ပျောသီးကို လှီးပြီးကြော်ရတယ်



ငှက်ပျောကြော်တွေရဖို့ ဘယ်လိုတွေလုပ်ကိုင်ကြရတယ်ဆိုတာ လေ့လာကြရအောင်



ညောင်တုန်းဒေသရှိ ငှက်ပျောခြံများမှ ငှက်ပျောသီးများကို ဦးစွာ ဝယ်ယူစုဆောင်းကြရသည်။ တစ်ခါတစ်ရံ ဒေသထွက်ငှက်ပျောသီးများနှင့် မလုံလောက်ပါက အခြားဒေသမှ ငှက်ပျောသီးများကို ဝယ်ယူကြရသည်။ ဝယ်ယူပြီးသော ငှက်ပျောသီးများကို အစိမ်းနှင့်အမှည့် ခွဲခြားထားရသည်။

အခွံနွှာရာတွင် အစိမ်းနှင့်အမှည့် သတ်သတ်စီခွဲပြီး နွှာကြရသည်။ ငှက်ပျောသီး အစိမ်းများကို အခွံနွှာသည့်အခါ အစေးများကပ်သည့်အတွက် အခွံနွှာပြီးပါက လက်ကို ဆီ၊ ဆပ်ပြာတို့ဖြင့် သေချာစွာ ဆေးရသည်။



အခွံနွှာပြီးသော ငှက်ပျောသီးများကို အဖတ်ကလေးများဖြစ်အောင် ခြစ်ဖြင့်ခြစ်ကြရသည်။ ခြစ်ဖြင့်ခြစ်သည့်အခါ လက်ကို မထိခိုက်မိစေရန် သတိပြုရသည်။







ထို့နောက် ခြစ်၍ရလာသော ငှက်ပျောသီးများကို အစိမ်းနှင့်အမှည့် သတ်သတ်စီခွဲပြီးကြော်ရသည်။ ကြော်သည့်အခါ စပါးခွံ၊ လွှစာမှုန့် တို့ကို လောင်စာ အဖြစ်အသုံးပြုကြသည်။ ကြော်ပြီးသော ငှက်ပျောကြော်များကို ဇန်းများဖြင့် ထည့်၍ ဆီစစ်ထားရသည်။





ဆီစစ်ပြီးသော ငှက်ပျောကြော်များကို ထုပ်ပိုးမည့်သူများက ချိန်တွယ်ပြီး ဘူးများ၊ အိတ်များဖြင့် စားချင့်စဖွယ်ဖြစ်အောင် ထုပ်ပိုးကြသည်။ ထုပ်ပိုးပြီးသော ငှက်ပျောကြော်များကို ညောင်တုန်းမြို့အနီးတစ်ဝိုက်နှင့် ရန်ကုန်မြို့အပါအဝင် အခြားဒေသများသို့ တင်ပို့ဖြန့်ဖြူး ရောင်းချကြသည်။












ကျွန်မကတော့ ငှက်ပျောကြော်လုပ်ငန်းရှင် တစ်ယောက်ဖြစ်ပါတယ်။ ကျွန်မတို့လုပ်ငန်းမှာ တစ်ရက်ကို ငှက်ပျောသီး ပျမ်းမျှအဖီးနှစ်ထောင်လောက် မီးဖိုငါးဖိုနဲ့ ကြော်ရတယ်။ မီးဖိုတစ်ဖိုမှာ အခွံနွှာသူ နှစ်ဦး၊ ခြစ်တဲ့သူ နှစ်ဦး၊ ကြော်တဲ့သူ တစ်ဦး၊ စုစုပေါင်း လုပ်သား ငါးဦး ပူးပေါင်းဆောင်ရွက်ရတယ်။ ဒီလုပ်ငန်းမှာ လုပ်သားစုစုပေါင်း သုံးဆယ့်ငါးယောက်လောက်ရှိတယ်။ တစ်ဦးကို တစ်နေ့လုပ်အားခ တစ်သောင်းကျပ်ကနေ တစ်သောင်းနှစ်ထောင်ကျပ်အထိ ရတယ်။ ငှက်ပျောကြော်လုပ်ငန်းရှိတဲ့အတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိပြီး စားဝတ်နေရေး အဆင်ပြေကြတယ်။


လုပ်ငန်းစဉ်အလိုက်အခက်အခဲတွေရှိတယ်။ မိုးရာသီရောက်ရင် ငှက်ပျောသီးရှားပါးတယ်။ ဒါကြောင့် အခြားရနိုင်တဲ့ဒေသတွေကနေ ဝယ်ယူရတယ်။ ဒါ့အပြင် လောင်စာလဲ ရှားပါးတဲ့အတွက် နွေရာသီကတည်းက ဝယ်ယူစုဆောင်းထားရတယ်။ ငှက်ပျောသီးခြစ်တဲ့အခါလဲ မကျွမ်းကျင်ရင် လက်ကိုထိနိုင်တယ်။ ငှက်ပျောသီးတွေလဲ ဆုံးရှုံးနိုင်တယ်။ ခြစ်ပြီးတဲ့ ငှက်ပျောသီးအဖတ်တွေကို ဆီပူထဲထည့်တဲ့အခါ ဆီပူမလောင်အောင်နဲ့ ဆီတွေဝေမကျအောင်လဲ ဂရုစိုက်ရတယ်။ အရင်က အအေးခံထားတဲ့ငှက်ပျောကြော်တွေကို ထုပ်ပိုးတဲ့အခါ ပလတ်စတစ်အိတ်နဲ့ထည့်တယ်။ အခုတော့ ကျိုးကြေမှုမရှိအောင် အသားတံဆိပ်ပါတဲ့ လေဖောင်းအိတ်တွေကို စက်နဲ့ပိတ်ပြီး ထုပ်ပိုးကြတယ်။ ဘူးတွေနဲ့လဲ ထုပ်ပိုးကြတယ်။

ငှက်ပျောသီးအစိမ်းကြော်က ဆိမ့်တယ်။ အမှည့်ကြော်က ချိုတယ်။ ချိုတဲ့အတွက် ပိုရောင်းရတယ်။ ယခုအခါ ပြည်တွင်းသာမက နိုင်ငံခြားထိပါ တင်ပို့ရောင်းချလာကြတယ်။ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိအောင် စွန့်ပစ်တဲ့ ငှက်ပျောခွံတွေကများတော့ တွင်းတူးပြီးပစ်ရတယ်။


## လေ့ကျင့်ခန်း

လုပ်ငန်း။ ပေးထားသော နမူနာကားချပ်များကိုကြည့်၍ ငှက်ပျောကြော် ဆောင်ရွက်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်၊ အခက်အခဲများနှင့် ဖြေရှင်းပုံများပါဝင်သည့်ကားချပ်တစ်ခု ပြုလုပ်ပါ။

နမူနာ (၁) အောင်အောင်ရဲ့ကားချပ်



## နမူနာ (၂) ဝါဝါရဲ့ကားချပ်



## နမူနာ (၃) စုစုရဲ့ ကားချပ်



# အခန်း (၂) ကျွန်ုပ်တို့၏ ကျေးရွာ

## (၂-၁) မောင်မောင်၏ သူငယ်ချင်းနေထိုင်သောကျေးရွာ





မ
ညောင်တုန်းမြို့
ဆားမလောက်ကျေးရွာ
နီးဖြူကျွန်းကျေးရွာ
ပန်း
လှိုင်
မြစ်
ရန်ကုန် - ပုသိမ် လမ်း
ရန်ကုန်သို့



မောင်မောင်ရဲ့သူငယ်ချင်းနေတဲ့ ဇီးဖြူကျွန်းကျေးရွာရဲ့
ဘယ်နေရာတွေမှာ ဘာတွေတွေ့သလဲ ရှာဖွေကြည့်ကြရအောင်

- ပန်းလှိုင်မြစ်ကို ကျေးရွာရဲ့ ဘယ်ဘက်မှာတွေ့ရသလဲ။
- မြစ်ကမ်းတစ်လျှောက် ဘာတွေ တွေ့ရသလဲ။
- မြစ်က ဘာအတွက်အသုံးဝင်သလဲ။







- လယ်ကွင်းတွေကို ကျေးရွာရဲ့ ဘယ်ဘက်မှာတွေ့ရသလဲ။
- ဘာပင်တွေ စိုက်ပျိုးထားတာလို့ ထင်သလဲ။





- ရေကန်တွေကို ကျေးရွာရဲ့ ဘယ်ဘက်မှာ တွေ့ရသလဲ။
- ရေကန်ဘယ်နှကန် တွေ့သလဲ။
- ရေကန်တွေကို ဘာအတွက် သုံးသလဲ။



- အိမ်တွေက ဘယ်လိုအိမ်မျိုးတွေလဲ။
- အိမ်တွေအပြင် တခြားဘာအဆောက်အအုံတွေ ရှိသေးသလဲ။
- အများပြည်သူနဲ့ဆိုင်တဲ့ အဆောက်အအုံတွေက ဘာတွေလဲ။



- လမ်းမကြီး ဘယ်နှလမ်းရှိသလဲ။
- တခြားလမ်းတွေ ရှိသေးသလား၊ ဘယ်လိုလမ်းတွေလဲ။




- ဇီးဖြူကျွန်းကျေးရွာဟာ ညောင်တုန်းမြို့ရဲ့ ဘယ်ဘက်မှာရှိသလဲ။



ဇီးဖြူကျွန်းကျေးရွာမှာရှိတဲ့ နေရာတွေအကြောင်း လေ့လာကြရအောင်

ဇီးဖြူကျွန်းကျေးရွာရှိ သီရိမင်္ဂလာ ဘုန်းတော်ကြီးကျောင်းသည် ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီး၏ တောင်ဘက်တွင်ရှိပါသည်။ ထိုဘုန်းတော်ကြီးကျောင်းဝင်းအတွင်းတွင် သဗ္ဗညုဗုဒ္ဓစေတီတော်သည် သပ္ပာယ်လှစွာ တည်ရှိပါသည်။





ဇီးဖြူကျွန်းကျေးရွာ၏ အရှေ့တောင်ဘက်တွင် သက်တမ်းရာကျော်ရှိသော ကုက္ကိုပင်ကြီးတစ်ပင်ရှိပါသည်။ ကျေးရွာတွင် ကျင်းပလေ့ရှိသည့် ပွဲတော်များကို ထိုအပင်ကြီးအောက်တွင် နှစ်စဉ်ကျင်းပလေ့ရှိသဖြင့် ထိုနေရာသည် ကျေးရွာ၏ ထင်ရှားသော နေရာတစ်ခု ဖြစ်သည်။

ကျေးရွာ၏ အနောက်ပိုင်းတွင်ရှိသော ပိုးကရင်ဘုရားကျောင်းသည် နှစ်ပေါင်းရာကျော် သက်တမ်းရှိသော ခရစ်ယာန်ဘုရားကျောင်း တစ်ကျောင်း ဖြစ်ပါသည်။ ကျေးရွာတွင် နေထိုင်သူ၏ ငါးပုံတစ်ပုံသည် ခရစ်ယာန် ဘာသာဝင်များဖြစ်ပြီး ပိုးကရင်လူမျိုးများ ဖြစ်ကြသည်။







ဇီးဖြူကျွန်းရွာရှိ ဘုန်းတော်ကြီးကျောင်းအနီးတွင် ဇီးဖြူကျွန်းအခြေခံပညာမူလတန်းကျောင်း ရှိပါသည်။ ထိုကျောင်းတွင် ပိုးကရင်ဘာသာစကားကိုလည်းသင်ယူနိုင်ပါသည်။ အလယ်တန်းနှင့်အထက်တန်းပညာ ဆက်လက်သင်ယူရန်အတွက် ရွာအနီးရှိ ဆားမလောက်ကျေးရွာသို့ သွားရောက်သင်ကြားကြရသည်။


လယ်ကွင်းများကို ကျေးရွာ၏ အနောက်ဘက်နှင့် တောင်ဘက်တွင်တွေ့ရသည်။ ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စပါးစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ကျေးရွာအနီးရှိ လယ်ကွင်းများတွင် မိုးစပါးနှင့် နွေစပါး နှစ်မျိုးစလုံး စိုက်ပျိုးကြသည်။





ဇီးဖြူကျွန်းကျေးရွာ၏တောင်ဘက်တွင်သောက်ရေကန်များရှိသည်။ နွေရာသီတွင် အချို့သော ရွာသူရွာသားများက ထိုကန်မှရေကို သောက်ရေအဖြစ် အသုံးပြုကြသည်။






ဇီးဖြူကျွန်းကျေးရွာဟာ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းမှာ တည်ရှိပါတယ်။ ကျေးရွာရဲ့ အရှေ့မြောက်ဘက်မှာ ပန်းလှိုင်မြစ်ရှိပါတယ်။ ရွာထဲကို ရေမဝင်အောင် ရေကာတာကာရံထားတယ်။ အဲဒီကာထားတဲ့ရေကာတာပေါ်မှာ ရန်ကုန်-ပုသိမ် အဝေးပြေးကားလမ်းကိုဖောက်လုပ်ထားတယ်။ အဝေးပြေးလမ်းမနဲ့ ပန်းလှိုင်မြစ် အကြားရှိနေရာကတော့ မြစ်ရေဝင်လေ့ရှိတယ်။ ဒါကြောင့် အဲဒီနေရာမှာ လူနည်းစုသာ နေထိုင်ကြတယ်။

ဇီးဖြူကျွန်းကျေးရွာမှာ အိမ်ထောင်စုပေါင်း ငါးရာခန့်ရှိပြီး နေထိုင်သူဦးရေ နှစ်ထောင်ခန့် ရှိပါတယ်။ ပိုးကရင်လူမျိုးတွေ နေထိုင်ကြပြီး ဗုဒ္ဓဘာသာနဲ့ ခရစ်ယာန်ဘာသာ ကိုးကွယ်ကြတယ်။

ရွာမှာတော့ မူလတန်းကျောင်း၊ ကျေးလက်ဆေးခန်း၊ စာကြည့်တိုက်နဲ့ အုပ်ချုပ်ရေးမှူးရုံးတို့ ရှိပါတယ်။ ကျန်းမာရေးအတွက် အထူးကုသဖို့လိုရင် ဆားမလောက်ရွာကို အားကိုးအားထားပြုကြရတယ်။

အိမ်ဆိုင်လေးတွေသာရှိတဲ့အတွက် ဈေးဝယ်ချင်ရင်လဲ ရွာနဲ့နှစ်မိုင်လောက်ဝေးတဲ့ ဆားမလောက်ရွာမှာ သွားဝယ်ကြရတယ်။

ကျေးရွာဧရိယာရဲ့ လေးပုံသုံးပုံလောက်က စိုက်ပျိုးမြေတွေဖြစ်ပြီး နေထိုင်သူအများစုက လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြတယ်။ မိုးစပါးကို အဓိကစိုက်ပျိုးကြတယ်။ နွေစပါးကိုလဲ စိုက်ပျိုးကြတယ်။ စပါးရိတ်သိမ်းပြီးချိန်မှာ အများစုက မတ်ပဲစိုက်ကြတယ်။ ငှက်ပျော၊ သဘော်၊ ကွမ်းရွက် စတာတွေ စိုက်ပျိုးတဲ့ ခြံတွေလဲရှိတယ်။ ဆန်စက်လုပ်ငန်း၊ အုတ်၊သဲ၊ကျောက်ရောင်းဝယ်ရေးလုပ်ငန်း၊ စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းတွေလဲရှိတယ်။

ပန်းလှိုင်မြစ်ရှိတဲ့အတွက် ရေလုပ်ငန်းလုပ်ကိုင်တဲ့လူတွေလဲရှိတယ်။ ပန်းလှိုင်မြစ်ကို စိုက်ပျိုးရေးနဲ့ ကုန်စည်ပို့ဆောင်ရေးအတွက် အသုံးပြုတယ်။ ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီးရှိတဲ့အတွက် ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့ရွာတွေဆီ အလွယ်တကူ သွားလာနိုင်တယ်။ လမ်းပန်းဆက်သွယ်ရေး လွယ်ကူတဲ့အတွက် ဒေသထွက်သီးနှံတွေကို ရန်ကုန်မြို့ဆီ တိုက်ရိုက်တင်ပို့ကြတယ်။

## လေ့ကျင့်ခန်း


လုပ်ငန်း (၁)။ ဇီးဖြူကျွန်းကျေးရွာနဲ့ပတ်သက်ပြီး ဘာတွေလေ့လာတွေ့ရှိခဲ့သလဲ။

လုပ်ငန်း (၂)။ လေ့လာတွေ့ရှိတဲ့အရာတွေထဲက အနည်းဆုံး ၂ ခုကို အလုပ်အကိုင် နေထိုင်စားသောက်မှုတွေနဲ့ဆက်နွယ်ပြီး မှတ်စုရေးပါ။

ဥပမာ- **လေ့လာတွေ့ရှိတဲ့အရာ–** လယ်ကွင်းများ

**အလုပ်အကိုင် နေထိုင်စားသောက်မှု–** လယ်ကွင်းများရှိသည့်အတွက် စပါးစိုက်ပျိုးကြသည်။ ရောင်းချရန် စပါးရသည်။ စားသုံးရန် ဆန်ရသည်။

# (၂-၂) မောင်မောင်၏သူငယ်ချင်း နေထိုင်သောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း





ဇီးဖြူကျွန်းကျေးရွာရဲ့ စပါးစိုက်ပျိုးရေးအကြောင်းကို လေ့လာကြရအောင်



နယုန်လတွင် မိုးစပါးစိုက်ပျိုးမည့်မြေကို စတင်ပြုပြင်ရသည်။ ထိုအချိန်သည် မိုးစတင်ရွာသွန်းသဖြင့် မြေကိုထွန်ယက်ပြုပြင်ရန် အကောင်းဆုံး အချိန်ဖြစ်သည်။

ဝါဆိုလတွင် မျိုးကောင်းမျိုးသန့် စပါးမျိုးစေ့များကိုရွေးချယ်၍ အညှောက်ဖောက်ကာ ပြုပြင်ပြီးမြေတွင် တိုက်ရိုက်မျိုးစေ့ချသည့်စနစ်ဖြင့် စိုက်ပျိုးသည်။ ထိုအချိန်တွင် လယ်ကွင်းထဲ၌ ရေများနေပါက ရေထုတ်ပေးရသည်။





ဝါခေါင်လတွင် မိုးများပြီးနေရောင်ခြည်ရရှိမှုနည်းပါးသည်။ ထိုအချိန်တွင် စပါးပင် ပွားများစေရန်ပေါင်းနုတ်ခြင်း၊ မြေဆွခြင်းနှင့် မြေဩဇာကျွေးခြင်းတို့ကို စနစ်တကျပြုလုပ်ရသည်။



တော်သလင်းလတွင် နေရောင်ခြည် ပိုမိုရရှိလာသောကြောင့် စပါးပင်များ ကြီးထွားလာသည်။ ထိုအချိန်သည် စပါးပင်များ သီးပွင့်ချိန်ဖြစ်သောကြောင့် မြေသြဇာကျွေးရသည်။ ရေရရှိရန်လည်း အလွန်အရေးကြီးသည်။

သီတင်းကျွတ်လတွင် မိုးရွာသွန်းမှု နည်းပြီး ရာသီဥတုခြောက်သွေ့လာသည်။ ထိုအချိန်တွင် စပါးများ ရင့်မှည့်လာသဖြင့် စက်ဖြင့် ရိတ်သိမ်း ခြွေလှေ့ကြသည်။








ခြွေလှေ့ပြီးသော စပါးများကို အခြောက်လှန်းရန်အတွက် နေရောင်ခြည်ကောင်းစွာရရှိရေးသည် အလွန်အရေးကြီးသည်။

ထို့နောက် အခြောက်ခံပြီးသော စပါးများကို ဆန်စက်သို့ပို့ပြီး ကြိတ်ခွဲရသည်။








ကျွန်တော်က ဦးဖြူကျွန်းကျေးရွာက စပါးစိုက်ပျိုးတဲ့ လယ်သမားတစ်ယောက်ဖြစ်ပါတယ်။ စပါးစိုက်ပျိုးဖို့ တစ်ဧကအတွက် မျိုးစပါးသုံးတင်းလောက် လိုအပ်တယ်။ မျိုးစပါးတွေကို တစ်ညအိပ်ရေစိမ်ရတယ်။ သုံးညအိပ်အကြာမှာတော့ အညှောက်ထွက်လာတယ်။ အဲဒီ အညှောက်ထွက်လာတဲ့ မျိုးစပါးတွေကို စက်တွေ ငှားပြီး ပြုပြင်ထားတဲ့မြေပေါ်မှာ ကြဲရတယ်။

မြေပြုပြင်တဲ့အချိန်ကတည်းက ပေါင်းမြက်တွေကို ကောင်းစွာနိုင်နင်းအောင် မရှင်းနိုင်ခဲ့ရင် ပိုးကျတတ်တယ်။ ရာသီဥတုပုံမှန်မဟုတ်တဲ့အတွက်လဲ ပိုးကျတတ်တယ်။ ပိုးမကျအောင် ပေါင်းမြက်တွေကို ဂရုတစိုက်ရှင်းပေးရတယ်။ ပိုးကျရင်လဲ ပိုးသတ်ဆေးကို စနစ်တကျ အသုံးပြုရတယ်။

စပါးစတင်စိုက်ပျိုးတဲ့အချိန်ကစပြီး ရိတ်သိမ်းချိန်အထိ မိုးရေရရှိမှုနဲ့ နေရောင်ခြည်ရရှိမှုကလဲ အရေးပါတယ်။ အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် စပါးပင်တွေ ရေမြုပ်ပြီး ပျက်စီးတတ်သလို စပါးသီးပွင့်ချိန်၊ စပါးရိတ်သိမ်းချိန်နဲ့ ရိတ်သိမ်းပြီးစပါးတွေကို နေလှန်းချိန်တွေမှာလဲ အခက်အခဲတွေ့ရတယ်။ ရိတ်သိမ်းပြီးစပါးတွေကို စပါးထားမဲ့နေရာဆီ အချိန်မီ အရောက်ပို့ရတယ်။

စပါးရိတ်သိမ်းချိန်မှာတော့ တစ်ဧကကို စပါး တင်းခြောက်ဆယ်၊ ခုနစ်ဆယ်လောက်ထွက်တယ်။ စပါးစိုက်တဲ့အခါ အခက်အခဲတွေနဲ့ ငွေကြေးကုန်ကျမှုတွေရှိပေမဲ့ အထွက်နှုန်းပေါ်မူတည်ပြီး ထိုက်သင့်တဲ့အကျိုးအမြတ်လဲ ရပါတယ်။

## လေ့ကျင့်ခန်း

လုပ်ငန်း (၁)။ အောက်တွင်ဖော်ပြထားသည့် ပြက္ခဒိန်များကိုလေ့လာပါ။ ထို့နောက် လအလိုက် စပါးစိုက်ပျိုးပုံအဆင့်ဆင့်၊ ရာသီဥတုအခြေအနေများပါဝင်သည့် ပြက္ခဒိန်တစ်ခု ပြုလုပ်ပါ။

ဝါဝါရေးဆွဲထားသော ပြက္ခဒိန်

| | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အပင်အရွယ်အစား | |  |  |  |  |  | | | | | | |
| ရေနှင့်နေရောင်ခြည်လိုအပ်မှုများ | ရေနည်း နေရောင်ခြည်များ | ရေနည်း နေရောင်ခြည်များ | ရေများ နေရောင်ခြည်သင့် | ရေများ နေရောင်ခြည်သင့် | ရေများ နေရောင်ခြည်နည်း | ရေနည်း နေရောင်ခြည်များ | | | | | | |

အောင်အောင်ရေးဆွဲထားသော ပြက္ခဒိန်


| တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း | လုပ်ကိုင်ဆောင်ရွက်ပုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မြေပြုပြင်ခြင်း | | | | | | | | |  |
| | | | | မျိုးကြဲ | | | | | | | |  |
| | | | | | ပျိုးနုတ်ကောက်စိုက် | | | | | | |  |
| | | | | | | အပင်ကြီးထွားချိန် | | | | | |  |
| | | | | | | အနှံထွက်၊ သီးမှည့် | | | | | |  |
| | | | | | | | ရင့်မှည့် ရိတ်သိမ်းချိန် | | | | |  |
| | | | | | | | | ခြွေလှေ့ | | | |  |


လုပ်ငန်း (၂)။ လယ်သမားကြီး တွေ့ကြုံရတဲ့အခက်အခဲများနှင့် ဖြေရှင်းပုံနည်းလမ်းများကို အောက်ပါဇယားတွင် ဖြည့်စွက်ပါ။

| **တွေ့ကြုံရသည့် အခက်အခဲများ** | **ဖြေရှင်းပုံ** |
|---|---|
| | |

# အခန်း (၃) ဒေသနှစ်ခုကို ဆက်စပ်လေ့လာခြင်း



## ညောင်တုန်းမြို့နှင့် ဇီးဖြူကျွန်းကျေးရွာကို ဆက်စပ်လေ့လာခြင်း

ညောင်တုန်းမြို့မှာ ခုတင် ၅၀ ဆံ့ မြို့နယ်ဆေးရုံရှိတယ်။ အဲဒီဆေးရုံမှာ ဆရာဝန်တွေနဲ့ သူနာပြုတွေရှိတယ်။ နာမကျန်းဖြစ်တဲ့သူတွေနဲ့ အရေးပေါ် ကုသမှုခံယူဖို့ လိုအပ်တဲ့သူတွေကို ကုသပေးတယ်။

ဇီးဖြူကျွန်းကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲရှိတယ်။ အဲဒီမှာ သားဖွားဆရာမနဲ့ အကူသူနာပြုတို့ရှိတယ်။ ကျေးရွာက ကျန်းမာရေးလိုအပ်ချက်ရှိတဲ့ သူတွေနဲ့ ကိုယ်ဝန်ဆောင်မိခင်တွေရဲ့ ကျန်းမာရေးကို စောင့်ရှောက်ကူညီတယ်။

ဇီးဖြူကျွန်းကျေးရွာက ကလေးတစ်ဦး သွေးလွန်တုပ်ကွေးဖြစ်ပြီး ဖျားနေတယ်။ ဘယ်လိုလုပ်လို့ရနိုင်မယ်လို့ ထင်သလဲ။

ဇီးဖြူကျွန်းကျေးရွာက ဖျားနေတဲ့ကလေးကို ကျေးလက်ဆေးခန်းဆီ ခေါ်သွားနိုင်တယ်။ အရေးပေါ် ကုသဖို့လိုအပ်ရင် ညောင်တုန်းဆေးရုံကိုပို့ပြီး ကုသနိုင်တယ်။

ညောင်တုန်းဆေးရုံက တာဝန်ရှိသူတွေကလဲ ဇီးဖြူကျွန်းကျေးရွာကို သွားပြီး သွေးလွန်တုပ်ကွေးရောဂါနဲ့ပတ်သက်ပြီး ပညာပေးခြင်း၊ ခြင်ဆေးဖျန်းခြင်း စတဲ့ လိုအပ်တဲ့ကျန်းမာရေးစောင့်ရှောက်မှုတွေ လုပ်ပေးနိုင်တယ်။

**ဒါတွေဟာ ကျန်းမာရေးအတွက် မြို့နဲ့ကျေးရွာရဲ့ ဆက်စပ်မှုတွေဖြစ်တယ်။**

ညောင်တုန်းမြို့မှာ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနဲ့ မူလတန်းကျောင်းတွေရှိတယ်။

ဇီးဖြူကျွန်းကျေးရွာမှာ မူလတန်းကျောင်းရှိပြီး အဲဒီကျောင်းမှာ ပိုးကရင်ဘာသာစကားကိုလဲ သင်ယူနိုင်တယ်။

ဇီးဖြူကျွန်းကျေးရွာက မူလတန်းကျောင်းသားလေးတွေ အလယ်တန်းပညာဆက်သင်ချင်ကြတယ်။ ဘယ်လိုလုပ်လို့ရနိုင်မလဲ။

ဇီးဖြူကျွန်းကျေးရွာက မူလတန်းအောင်ပြီးသွားတဲ့ကလေးတွေ ပညာဆက်သင်နိုင်ဖို့ အလယ်တန်းကျောင်းတွေရှိတဲ့ အနီးဆုံးကျေးရွာနဲ့ ညောင်တုန်းမြို့ကိုသွားနိုင်တယ်။ မြို့ပေါ်ကဆရာတွေကလဲ ကျေးရွာရဲ့ ပညာရေးနဲ့ပတ်သက်တဲ့ လိုအပ်ချက်တွေရှိရင် သွားရောက်ကူညီပေးနိုင်တယ်။

**ဒါတွေဟာ ပညာရေးအတွက် မြို့နဲ့ကျေးရွာရဲ့ ဆက်စပ်မှုတွေဖြစ်တယ်။**

ညောင်တုန်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံးက မြို့နယ်ရဲ့ ဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးနဲ့ လုံခြုံရေးစတဲ့လုပ်ငန်းတွေကိုဆောင်ရွက်တယ်။ ဒီလုပ်ငန်းတွေကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွေနဲ့ ပူးပေါင်းဆောင်ရွက်တယ်။

ဇီးဖြူကွျန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးက ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်တဲ့ သတင်းအချက်အလက်တွေကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးကို ပို့ပေးတယ်။

ဇီးဖြူကွျန်းကျေးရွာရှိ လမ်းအချို့ကို ကွန်ကရစ်လမ်းတွေအဖြစ် ပြောင်းလဲချင်တယ်။ ဘယ်လိုလုပ်ရင် ရနိုင်မယ်လို့ထင်သလဲ။

ကျေးရွာအုပ်ချုပ်ရေးမှူးက ပြုပြင်ချင်တဲ့လမ်းတွေနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို မြို့နယ်အုပ်ချုပ်ရေးမှူးဆီတင်ပြနိုင်တယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးက လမ်းပြုပြင်ဖို့ ပူးပေါင်းဆောင်ရွက်ပေးနိုင်တယ်။

**ဒါတွေဟာ ဒေသဖွံ့ဖြိုးရေးအတွက် မြို့နဲ့ကျေးရွာရဲ့ ဆက်စပ်မှုတွေဖြစ်တယ်။**

## လေ့ကျင့်ခန်း

လုပ်ငန်း။ အောက်ပါအကြောင်းအရာများကိုအခြေခံပြီး မြို့နဲ့ကျေးရွာ မည်သို့ ဆက်စပ်မှုရှိသည်ကို သင်၏ထင်မြင်ချက်အတိုင်း ဖော်ပြပါ။

**ဆက်စပ်မှု(၁)**

ညောင်တုန်းမြို့မှာ ဈေးတွေအပြင် စတိုးဆိုင်၊ လျှပ်စစ်ပစ္စည်းဆိုင်၊ ရွှေဆိုင်၊ အထည်ဆိုင်၊ အိမ်သုံးပစ္စည်းမျိုးစုံရောင်းတဲ့ဆိုင်နဲ့ အခြားပစ္စည်းအရောင်းဆိုင်တွေလဲ ရှိတယ်။

ဇီးဖြူကွျန်းကျေးရွာမှာတော့ အိမ်ဆိုင်တွေရှိတယ်။

မြို့နဲ့ကျေးရွာရဲ့ အရောင်းအဝယ်လုပ်ငန်းတွေက ဆက်စပ်မှုရှိတယ်။

ဇီးဖြူကွျန်းကျေးရွာမှာ နှစ်သစ်ကူးပွဲတော်ကို နှစ်စဉ်ကျင်းပကြတယ်။ နှစ်သစ်ကူးပွဲတော်အတွက် ဘာပစ္စည်းတွေလိုအပ်မလဲ။ အဲဒီပစ္စည်းတွေ ဘယ်က ရနိုင်မယ်လို့ ထင်သလဲ။

**ဆက်စပ်မှု(၂)**

ညောင်တုန်းမြို့မှာ အိမ်တွင်းမှုလုပ်ငန်း အများအပြားရှိတယ်။ ညောင်တုန်းမြို့ရဲ့ ငှက်ပျောကြော်က ထင်ရှားတဲ့လုပ်ငန်းဖြစ်ပြီး ဈေးကွက်ပိုမိုကျယ်ပြန့်လာခဲ့တယ်။

ဇီးဖြူကွျန်းကျေးရွာမှာ ခြံစိုက်ပျိုးရေးလုပ်ငန်းတွေရှိပြီး ငှက်ပျော၊ သဘော်၊ ကွမ်းစတဲ့သီးနှံပင်တွေစိုက်ပျိုးကြတယ်။


မြို့နဲ့ကျေးရွာမှာရှိတဲ့လုပ်ငန်းတွေက တစ်ခုနဲ့ တစ်ခု ဆက်စပ်မှုရှိတယ်။

ညောင်တုန်းမြို့ရဲ့ ငှက်ပျောကြော်လုပ်ငန်းက ဈေးကွက်ကျယ်ပြန့်လာတဲ့အတွက် ငှက်ပျောသီးတွေ ပိုမိုလိုအပ်လာတယ်။ ဘယ်လိုလုပ်ရင် အဆင်ပြေနိုင်မယ်လို့ထင်သလဲ။

# ကျွန်ုပ်အားကျ ဂုဏ်ယူရသော သမိုင်းဝင်ခေါင်းဆောင်များ

## အခန်း(၄)











## (၄–၁) မင်းတုန်းမင်း



မင်းတုန်းမင်းဟာ သာယာဝတီမင်းရဲ့သားတော်ဖြစ်တယ်။ ငယ်နာမည်မှာ မောင်လွင်ဖြစ်တယ်။ ကျောင်းနေချိန်ရောက်တဲ့အခါမင်းတုန်းမင်းသားလေးနဲ့ညီတော် ကနောင်မင်းသားလေးတို့ကို ဖခင် သာယာဝတီမင်းက သဲအင်းဆရာတော်ထံမှာ စာပေသင်ကြားဖို့ အပ်နှံခဲ့တယ်။



မင်းတုန်းမင်းသား ဘုရင်ဖြစ်လာတဲ့အခါ အမရပူရမြို့မှာ ထီးနန်းစိုးစံပြီး ညီတော် ကနောင်မင်းသားကို အိမ်ရှေ့မင်းအရာ ခန့်အပ်ခဲ့တယ်။ မြို့တော်သစ် မန္တလေး ရတနာပုံနေပြည်တော်ကြီးကိုလဲ တည်ထောင်ခဲ့တယ်။




မင်းတုန်းမင်းလက်ထက်မှာ နိုင်ငံတော်ခေတ်မီတိုးတက်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်တယ်။ မင်းတုန်းမင်းဟာ ညီတော်အိမ်ရှေ့စံ ကနောင်မင်းသားနဲ့ တိုင်ပင်ဆွေးနွေးပြီး ဉာဏ်ပညာ ထက်မြက်တဲ့ ပညာတော်သင်လူငယ် ၉၀ ကျော်ကို ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ အိန္ဒိယ စတဲ့ နိုင်ငံတွေကို စေလွှတ်တယ်။ အဲဒီလူငယ်တွေဟာ စက်မှုလက်မှုပညာတွေ၊ စစ်အတတ်ပညာတွေနဲ့ နိုင်ငံအုပ်ချုပ်ရေးပညာတွေကို သင်ယူကြတယ်။



ပညာတော်သင်လူငယ်တွေ ပြန်ရောက်လာတဲ့အခါ တိုင်းပြည်တိုးတက်စေဖို့ အထောက်အကူပြုတဲ့စက်ရုံပေါင်း ငါးဆယ်ကျော်ကိုတည်ဆောက်ခဲ့တယ်။ အဲဒီစက်ရုံတွေထဲမှာ ဖန်ချက်စက်ရုံ၊ စာပုံနှိပ်စက်၊ ဒင်္ဂါးစက်ရုံနဲ့ လက်နက်စက်ရုံတွေလဲ ပါဝင်တယ်။




မင်းတုန်းမင်းဟာ ဆည်၊ မြောင်း၊ ကန်၊ ချောင်း တွေကိုပြုပြင်ပေးပြီး စိုက်ပျိုးရေး တိုးတက်စေဖို့ အထူးအားပေးခဲ့တယ်။ ကူးသန်းရောင်းဝယ်ရေး အဆင်ပြေစေဖို့ ဒေါင်းဒင်္ဂါးတွေကို သွန်းလုပ်သုံးစွဲစေတယ်။ မင်းမှုထမ်းတွေကိုလဲ လစာပေးတဲ့ စနစ်ကို ကျင့်သုံးခဲ့တဲ့အတွက် အုပ်ချုပ်ရေးကို ကောင်းမွန်အောင် စီမံနိုင်ခဲ့တယ်။ အခွန်တော် ကောက်ခံရာမှာလဲ စနစ်တကျရှိစေဖို့ သဿမေဓ အခွန်တော်စနစ်ကို ကျင့်သုံးခဲ့တယ်။



မင်းတုန်းမင်းဟာ ငြိမ်းချမ်းရေးကိုလိုလားတဲ့အတွက် ဗြိတိန်၊ ပြင်သစ်၊ အီတလီ နိုင်ငံတွေနဲ့ချစ်ကြည်ရင်းနှီးဖို့ကြိုးပမ်းဆောင်ရွက်ခဲ့တယ်။ သံတမန်အဆက်အသွယ်ရရှိစေဖို့မြန်မာသံအဖွဲ့ကိုလဲဥရောပနိုင်ငံတွေကိုစေလွှတ်ခဲ့တယ်။ ကူးသန်းရောင်းဝယ်ရေးစာချုပ်တွေကိုလဲ ချုပ်ဆိုစေခဲ့တယ်။



မင်းတုန်းမင်းဟာ ဗုဒ္ဓသာသနာတော်ကို ကြည်ညိုလေးစားပြီး အထောက်အပံ့ပြုခဲ့တယ်။ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကိုလဲ ထီးတော်အသစ်တင်တယ်။ သာသနာတော် အရှည်တည်တံ့ခိုင်မြဲစေဖို့ ပဥ္စမသင်္ဂါယနာတင်ပွဲကို အောင်မြင်စွာ ဆောင်ရွက်တယ်။ ပိဋကတ်သုံးပုံကိုလဲ ကျောက်စာရေးထိုးစေပြီး မဟာလောကမာရဇိန်ကုသိုလ်တော် ဘုရားဝင်းထဲမှာ စိုက်ထူတယ်။ အဲဒီ ကျောက်စာတွေဟာ ကမ္ဘာ့အကြီးဆုံးစာအုပ်အဖြစ် ထင်ရှားတယ်။



ဒါ့အပြင် တိုင်းသူပြည်သားတွေ အသိဉာဏ်တိုးပွားလာစေဖို့နဲ့ သတင်းအချက်အလက်၊ ဗဟုသုတတိုးပွားစေဖို့ **ရတနာပုံနေပြည်တော်** သတင်းစာကိုလဲ ထုတ်ဝေခဲ့တယ်။ မင်းတုန်းမင်းရဲ့ ကြိုးပမ်းဆောင်ရွက်ချက်တွေကြောင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး အဘက်ဘက်က ခေတ်မီတိုးတက်လာတယ်။

## (၄-၂) အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း



ဗိုလ်ချုပ်အောင်ဆန်းကို ၁၉၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့မှာ ဖွားမြင်ခဲ့တယ်။ ရိုးသားတဲ့ ရှေ့နေဖြစ်သူ ဖခင် ဦးဖာနဲ့ မဟုတ်မခံစိတ်ရှိပြီး စီးပွားရေးကို ကျွမ်းကျင်စွာလုပ်ကိုင်တတ်တဲ့ မိခင် ဒေါ်စုတို့ရဲ့ အငယ်ဆုံးသားဖြစ်တယ်။ ငယ်နာမည်က **မောင်ထိန်လင်း** ဖြစ်ပေမဲ့ အစ်ကိုဖြစ်သူ မောင်အောင်သန်းနာမည်နဲ့လိုက်အောင် **မောင်အောင်ဆန်း**လို့ ပြောင်းပြီးခေါ်ခဲ့တယ်။ ဗြိတိသျှတွေကို တော်လှန်တိုက်ခိုက်ခဲ့တဲ့ မြို့လုလင်ရွာသူကြီး ဦးမင်းရောင်ဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အဘိုး ဖြစ်တယ်။



ဗိုလ်ချုပ်အောင်ဆန်းဟာ ငယ်ငယ်ကတည်းက စူးစမ်းလေ့လာလိုတဲ့စိတ်၊ မှန်ရာကို ပြောဆိုရဲတဲ့ စိတ်ဓာတ်ရှိပြီး အမှားလုပ်မိရင်လဲ ရဲဝံ့စွာဝန်ခံရဲတဲ့ သတ္တိရှိသူဖြစ်တယ်။ မောင်အောင်ဆန်းဟာ အသက် ၈ နှစ်အရွယ်မှာ နတ်မောက်မြို့ ဆရာတော်ဦးသောဘိတကျောင်းမှာ စပြီးပညာသင်ယူခဲ့တယ်။ အသက် ၁၂ နှစ်အရွယ်မှာ စတုတ္ထတန်းအောင်မြင်ပြီး ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းမှာ ဆက်လက်ပညာသင်ကြားခဲ့တယ်။ သတ္တမတန်း စာမေးပွဲမှာလဲ အမှတ်အများဆုံးရပြီး ပထမဆု ချီးမြှင့်ခြင်းခံခဲ့ရတယ်။ မောင်အောင်ဆန်း ဟာ ပညာကို အလွန်လိုလားသူ ဖြစ်ပြီး စာဖတ်ဝါသနာပါသူဖြစ်တယ်။



ကိုအောင်ဆန်းဟာ ၁၉၃၂ ခုနှစ်မှာ ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းမှ ဆယ်တန်းကိုအောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှာ ပညာဆက်လက်ဆည်းပူးခဲ့တယ်။ ရန်ကုန်တက္ကသိုလ်တက်နေရင်း စကားရည်လုပွဲနဲ့ ဟောပြောပွဲတွေမှာလဲ တက်ကြွစွာပါခဲ့တယ်။ ဒါ့အပြင် ကျောင်းသားသမဂ္ဂမှာပါ ဝင်ရောက်ဆောင်ရွက်ပြီး ၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ်ကို ဦးဆောင်ခဲ့သူ ဖြစ်တယ်။ ၁၉၃၇ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့တယ်။




ကိုအောင်ဆန်းဟာ မိမိယုံကြည်ရာကို မကြောက်မရွံ့ ပြောရဲသူဖြစ်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် အမြဲတမ်းတွေးတော ကြံဆနေခဲ့တယ်။ လွတ်လပ်ရေးအရယူဖို့ ဆန္ဒပြင်းပြနေတဲ့အတွက် တို့ဗမာအစည်းအရုံးကို ဝင်ရောက်ခဲ့ပြီး သခင်အမည် ခံယူခဲ့တယ်။ သခင်အောင်ဆန်းဟာ တို့ဗမာအစည်းအရုံးရဲ့ အထွေထွေအတွင်းရေးမှူးဖြစ်လာပြီး နယ်ချဲ့ဆန့်ကျင်ရေးကို မနားမနေ ကြိုးပမ်းခဲ့တယ်။ နိုင်ငံရေးအမြော်အမြင်ရှိပြီး စည်းရုံးရေးကောင်းမွန်တဲ့အတွက် သခင်အောင်ဆန်းဟာ နိုင်ငံရေးခေါင်းဆောင်အဖြစ်ထင်ရှားလာတယ်။



သခင်အောင်ဆန်းခေါင်းဆောင်တဲ့ ရဲဘော်သုံးကျိပ်ဟာဂျပန်တို့ရဲ့ အကူအညီနဲ့ ဟိုင်နန်ကျွန်းမှာ စစ်ပညာသင်ယူကြတယ်။ အဲဒီနောက် ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ စတင်ဖွဲ့စည်းပြီး သခင်အောင်ဆန်းက ဗိုလ်တေဇအမည်ကို ခံယူခဲ့တယ်။ ဘီအိုင်အေတပ်ဟာ ဂျပန်တပ်နဲ့အတူ လက်တွဲပြီး ဗြိတိသျှတွေကို တိုက်ထုတ်နိုင်ခဲ့တယ်။ အဲဒီနောက် ဘီအိုင်အေကို ဘီဒီအေခေါ် ဗမာ့ကာကွယ်ရေး တပ်မတော်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ဗိုလ်အောင်ဆန်းက ဘီဒီအေရဲ့ သေနာပတိဖြစ်လာခဲ့တယ်။




ဗြိတိသျှတွေကို တိုက်ထုတ်နိုင်ပေမဲ့ မြန်မာနိုင်ငံဟာ ဂျပန်လက်အောက်ကို ကျရောက်ခဲ့ရတယ်။ ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး ဖက်ဆစ်ဂျပန် တော်လှန်ရေးကို ဆင်နွှဲခဲ့ရပြန်တယ်။ ဂျပန်တွေ ဆုတ်ခွာသွားပြီးနောက် ဗြိတိသျှ တွေဟာ မြန်မာနိုင်ငံကို ပြန်လည်အုပ်ချုပ် လာကြပြန်တယ်။ အဲဒါကြောင့် ဗိုလ်ချုပ် အောင်ဆန်းဦးဆောင်တဲ့ ဖဆပလ(ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်လပ်ရေး) အဖွဲ့ကြီးဟာ လူထုစည်းရုံးရေးဟောပြောပွဲတွေ ကျင်းပပြီး လွတ်လပ်ရေးအတွက် ဆက်လက်ကြိုးပမ်းခဲ့တယ်။






ဗိုလ်ချုပ်အောင်ဆန်းဟာ မြန်မာနိုင်ငံကို တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန် ဗြိတိသျှတို့ထံမှ တောင်းဆိုခဲ့တယ်။ ဒါကြောင့် ဗြိတိသျှအစိုးရက ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို လန်ဒန်မြို့မှာလာရောက် ဆွေးနွေးဖို့ ဖိတ်ခေါ်တယ်။ အောင်ဆန်းအက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့တယ်။ တောင်တန်းနဲ့ပြည်မတပေါင်းတည်း လွတ်လပ်ရေး အရယူနိုင်ဖို့ ဗိုလ်ချုပ်အောင်ဆန်းဟာ တောင်တန်းဒေသတွေကို လှည့်လည်စည်းရုံးခဲ့တယ်။ ဗြိတိသျှတို့ရဲ့ သွေးခွဲအုပ်ချုပ်မှုကြောင့် တောင်တန်းဒေသတွေကို စည်းရုံးတဲ့နေရာမှာ အခက်အခဲမျိုးစုံနဲ့ ကြုံတွေ့ခဲ့ရတယ်။ ဗိုလ်ချုပ်ရဲ့ရိုးသားမှု ပွင့်လင်းမှုတို့ကြောင့် တိုင်းရင်းသား တွေရဲ့ ယုံကြည်မှုကိုရယူနိုင်ခဲ့ပြီး ပင်လုံစာချုပ်ကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့တယ်။





လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေစဉ် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေဟာ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရတယ်။ ဗိုလ်ချုပ်ကျဆုံးသွားပေမဲ့ ဖဆပလ အဖွဲ့ချုပ်က လွတ်လပ်ရေးရရှိဖို့ ဆက်လက်ကြိုးပမ်းခဲ့တယ်။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ မြန်မာနိုင်ငံဟာ ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရရှိခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာမြန်မာပြည်သူတစ်ရပ်လုံးကချစ်ခင်လေးစားပြီးအားကျဂုဏ်ယူရတဲ့ လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဖြစ်တယ်။

# (၄-၃) ငြိမ်းချမ်းရေးဗိသုကာ ဦးသန့်




မောင်သန့်ကို ၁၉၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့မှာ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့မှာ မွေးဖွားခဲ့တယ်။ မိဘတွေက ဆန်စက်ပိုင်ရှင်နဲ့ မြေပိုင်ရှင်ဖြစ်တဲ့ ဦးဘိုးနှစ်၊ ဒေါ်နန်းသောင် တို့ဖြစ်တယ်။ ဖခင်ဦးဘိုးနှစ်ဟာ တက္ကသိုလ်ပညာတတ်တစ်ဦးဖြစ်ပြီး မောင်သန့်ရဲ့ပညာရေးကို အထူးအားပေးသူဖြစ်ခဲ့တယ်။ မောင်သန့်ဟာ ပန်းတနော်မြို့နယ်ရှိ ဆရာကြီးဦးဘဟန်ရဲ့ မြန်မာစာသင်ကျောင်း၊ ဝိုင်အမ်ဘီအေ အလယ်တန်းကျောင်းနဲ့ အမျိုးသားအထက်တန်းကျောင်းတို့မှာ ပညာသင်ကြားခဲ့တယ်။



မောင်သန့်ဟာ စာကြိုးစားပြီး စာတော်တဲ့ကျောင်းသားတစ်ဦးဖြစ်တယ်။ သူဟာ စာဖတ်အလွန်ဝါသနာပါတဲ့အတွက် ကျောင်းစာကျက်မှတ်ပြီးချိန်မှာ ရှေးမြန်မာစာပေတွေကို လေ့လာမှတ်သားနေတတ်ပြီး ကြီးလာရင် စာရေးဆရာကြီး လုပ်မယ်လို့ ရည်ရွယ်ခဲ့တယ်။ ဖခင်ဖြစ်သူဖတ်ရှုတဲ့ အင်္ဂလိပ်သတင်းစာတွေကိုလဲ ဖတ်ရှုကာ ဘာသာပြန်နိုင်သူဖြစ်တယ်။ မောင်သန့်ဟာ ပန်းချီရေးဆွဲခြင်းကိုလဲ အထူးဝါသနာပါပြီး ကျောင်းပုံ၊ အိမ်ပုံ၊ ညီငယ်လေးတွေရဲ့ပုံတွေကို ရေးဆွဲလေ့ရှိတယ်။



မောင်သန့်ဟာ ၁၉၂၆ ခုနှစ်မှာ ဆယ်တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ်မှာ ပညာသင်ကြားခဲ့တယ်။ ပညာကိုကြိုးကြိုးစားစား လေ့လာသင်ယူခဲ့ပြီး ရန်ကုန်တက္ကသိုလ် စကားရည်လုပွဲအသင်းကြီးရဲ့ အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရတယ်။



၁၉၂၈ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်မှ ဥပစာတန်းအောင်မြင်ခဲ့ပြီးနောက် ပန်းတနော် အမျိုးသားအထက်တန်းကျောင်းမှာ ဆရာအဖြစ် အမှုထမ်းခဲ့တယ်။ ဦးသန့်ဟာ မြန်မာတစ်ပြည်လုံးရဲ့ အထက်တန်းဆရာဖြစ်စာမေးပွဲမှာ ပထမ ရရှိခဲ့တယ်။ ၁၉၃၁ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ ပန်းတနော် အမျိုးသားအထက်တန်းကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်ခဲ့တယ်။ စာအသင်အပြ ကောင်းမွန်ခြင်းကြောင့် တပည့်တွေက အထူးချစ်ခင် လေးစားခဲ့ကြတယ်။



ဦးသန့်ဟာ မြန်မာ့လွတ်လပ်ရေးအတွက် စာပေရေးသားခြင်းနဲ့ တိုက်ပွဲဝင်ခဲ့တယ်။ မြန်မာစာ အရေးအသားကျွမ်းကျင်သလို အင်္ဂလိပ်စာ အရေးအသားကောင်းသူလဲဖြစ်တယ်။ သီလဝဆိုတဲ့ ကလောင်နာမည်နဲ့ သတင်းစာဆောင်းပါးတွေကို ရေးသားခဲ့တယ်။ အခြားစာအုပ်များစွာနဲ့ ဘာသာပြန်စာအုပ်တွေကိုလဲ ရေးသားခဲ့တယ်။ ဦးသန့်ဟာ မိမိတတ်ကျွမ်းတဲ့ စာပေနဲ့ လူထုအကျိုးပြု စာပေတွေကို ရေးသားခဲ့တဲ့ စာရေးဆရာတစ်ဦးလဲ ဖြစ်တယ်။



လွတ်လပ်ရေးရပြီးနောက် ဦးသန့်ဟာ ပြန်ကြားရေးဌာန လက်ထောက်အတွင်းဝန်၊ ထိုမှတစ်ဆင့် အတွင်းဝန် တာဝန်ကိုယူခဲ့တယ်။ ၁၉၅၄ ခုနှစ်မှာ ဝန်ကြီးချုပ် ဦးနုရဲ့ အတွင်းဝန်အဖြစ် တာဝန်ယူခဲ့တယ်။ ဦးသန့်ဟာ မြန်မာနိုင်ငံရဲ့ စီမံကိန်းရေးဆွဲရေး လုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခဲ့တယ်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် စေ့စပ်ညှိနှိုင်းရေး လုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့် နိုင်ငံတော်က ဦးသန့်ကို ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်တွေ ချီးမြှင့်ခဲ့တယ်။



ဦးသန့်ဟာ သံတမန်ရေးရာကျွမ်းကျင်မှုတွေအပြင် ကမ္ဘာ့ရေးရာတွေကို နှံ့နှံ့စပ်စပ်လေ့လာထားသူဖြစ်တယ်။ ဒါကြောင့် ၁၉၅၇ ခုနှစ်မှာ ဦးသန့်ကို ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းသံမတ်ကြီးအဖြစ် တာဝန်ပေးအပ်ခဲ့တယ်။ ၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့မှာ ဦးသန့်ကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် အဖွဲ့ဝင်နိုင်ငံများက ရွေးချယ်ခန့်အပ်ခဲ့တယ်။ ဦးသန့်ရဲ့ လိမ္မာပါးနပ်မှု၊ ဉာဏ်အမြော်အမြင်နဲ့ ကျွမ်းကျင်တဲ့ စေ့စပ်ညှိနှိုင်းမှု စွမ်းရည်တွေကြောင့် ကမ္ဘာ့အရေးအခင်းကြီးတွေကို အောင်မြင်စွာ ဖြေရှင်းပေးနိုင်ခဲ့တယ်။



ဦးသန့်ကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့မှာ ဒုတိယအကြိမ်မြောက် ထပ်မံအတည်ပြုရွေးချယ်ခဲ့တယ်။ ဦးသန့်ဟာ ငြိမ်းချမ်းရေးကို မြတ်နိုးပြီး ကမ္ဘာ့နိုင်ငံများရဲ့ တိုးတက်ဖွံ့ဖြိုးရေးကို အထူးအာရုံစိုက် ကြိုးပမ်းခဲ့တယ်။ ဒါကြောင့် ဦးသန့်ကို ငြိမ်းချမ်းရေးဗိသုကာအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုခဲ့ကြတယ်။ ဦးသန့်ဟာ နိုင်ငံတကာအလယ်မှာ မြန်မာ့ဂုဏ်ကို ဆောင်ပေးနိုင်တဲ့ မြန်မာတစ်မျိုးသားလုံးရဲ့ ဂုဏ်ယူဖွယ်ရာ ခေါင်းဆောင်အဖြစ် သမိုင်းမော်ကွန်း ထိုးနိုင်ခဲ့တယ်။

## လေ့ကျင့်ခန်း (၁)

**လုပ်ငန်း(၁)** မင်းတုန်းမင်း၏ အကြောင်းနှင့်ပတ်သက်၍ ပေးထားသောအချက်များ မှန်လျှင်(မှန်)၊ မှားလျှင် (မှား)ဟု ရေးပါ။

| **အချက်အလက်များ** | |
|---|---|
| မင်းတုန်းမင်းသည် ကျောင်းနေအရွယ်ရောက်တဲ့အခါ သဲအင်းဆရာတော်ထံမှာ စာပေသင်ကြားခဲ့ခြင်း | |
| ဉာဏ်ပညာထက်မြက်သူများကို အခြားနိုင်ငံများသို့ ပညာတော်သင်စေလွှတ်မှုမရှိခြင်း | |
| ဒေါင်းဒင်္ဂါးများကို သွန်းလုပ်သုံးစွဲစေခဲ့ခြင်း | |
| ရွှေတိဂုံစေတီတော်ကို ပြုပြင်မှုမရှိခြင်း | |
| တိုင်းသူပြည်သားများ အသိဉာဏ်တိုးပွားစေရန်အတွက် ရတနာပုံနေပြည်တော်သတင်းစာကိုထုတ်ဝေခဲ့ခြင်း | |

**လုပ်ငန်း(၂)** အောက်ပါပုံများကိုကြည့်ပြီး မင်းတုန်းမင်းသည် အဘယ်ကြောင့် ဤသို့ လုပ်ဆောင်ရကြောင်း အချက် ၂ ချက်ခန့် ရေးပါ။





**လုပ်ငန်း(၃)** မင်းတုန်းမင်း၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သင်၏ထင်မြင်ချက်ကို စာ ၃ ကြောင်းခန့် ရေးပါ။

**လေ့ကျင့်ခန်း (၂)**

**လုပ်ငန်း(၁)** အောက်ပါကွက်လပ်တို့အတွက် ပေးထားသောစကားလုံးများမှ မှန်သော အဖြေကို ရွေးပါ။

၁။ ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်ကတည်းက ------------- သည့် စိတ်ဓာတ် ရှိသည်။
(က) မှန်ရာကိုပြောရဲ (ခ) မှန်ရာကိုမပြောရဲ (ဂ) ကြောက်ရွံ့

၂။ ဗိုလ်ချုပ်အောင်ဆန်းသည် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ခဲ့ပြီး ---------- အမည်ကို ခံယူခဲ့သည်။
(က) ဗိုလ် (ခ) သခင် (ဂ) ဆရာ

၃။ ရဲဘော်သုံးကျိပ်သည် ---------တို့၏ အကူအညီဖြင့် စစ်ပညာသင်ယူခဲ့ကြသည်။
(က) တရုတ် (ခ) ကိုးရီးယား (ဂ) ဂျပန်

၄။ ဗိုလ်ချုပ်အောင်ဆန်းသည် စစ်အတွင်းကာလတွင် ----------မျိုးစုံကို ရင်ဆိုင် ကျော်လွှားပြီး လွတ်လပ်ရေးအတွက် ဦးဆောင်ကြိုးပမ်းခဲ့သည်။
(က) အခက်အခဲ (ခ) ပျော်ရွှင်မှု (ဂ) ဝမ်းနည်းမှု

၅။ ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားများ ပူးပေါင်းပါဝင်သည့် -------- စာချုပ် ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့သည်။
(က) အောင်ဆန်းအက်တလီ (ခ) ပင်လုံ (ဂ) မဟာမိတ်

**လုပ်ငန်း(၂)** ဗိုလ်ချုပ်အောင်ဆန်း၏ လုပ်ဆောင်ချက်များမှ သင်အားကျသော လုပ်ဆောင်ချက်ကိုရေးပါ။ အဘယ်ကြောင့်အားကျရကြောင်း ရေးပါ။

**လုပ်ငန်း(၃)** ဗိုလ်ချုပ်အောင်ဆန်းသည် မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သနည်း။ သင်၏ ထင်မြင်ချက်ကို စာ ၃ ကြောင်းခန့်ရေးပါ။

**လေ့ကျင့်ခန်း (၃)**

**လုပ်ငန်း(၁)** အောက်ပါမေးခွန်းများမှ အဖြေမှန်ကိုရွေးချယ်ပါ။

၁။ ဖခင်ဖြစ်သူက မောင်သန့်၏ --------- ကို အထူးအားပေးခဲ့သည်။
(က) စီးပွားရေး (ခ) ဂီတ (ဂ) ပညာရေး

၂။ မောင်သန့်ငယ်စဉ်က ---------- အလွန် ဝါသနာပါသည်။
(က) ရေကူး (ခ) စာဖတ် (ဂ) ကစား

၃။ မောင်သန့်ကို --------- မြို့တွင် မွေးဖွားခဲ့သည်။
(က) ဝါးခယ်မ (ခ) မအူပင် (ဂ) ပန်းတနော်

၄။ မောင်သန့်ကြီးလာလျှင် ---------- လုပ်မည်ဟု ရည်ရွယ်ခဲ့သည်။
(က) စာရေးဆရာ (ခ) ကျောင်းဆရာ (ဂ) ကဗျာဆရာ

၅။ ဦးသန့်ကို ---------- ဗိသုကာအဖြစ် နိုင်ငံတကာက အသိအမှတ် ပြုခဲ့ကြသည်။
(က) စီးပွားရေး (ခ) နိုင်ငံရေး (ဂ) ငြိမ်းချမ်းရေး

**လုပ်ငန်း(၂)** အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။

၁။ မောင်သန့်သည် ဆရာကြီး ဦးဘဟန်၏ ---------- တွင် စတင် ပညာသင်ယူခဲ့သည်။

၂။ မောင်သန့်သည် ---------- ပြီး စာတော်သည့် ကျောင်းသားတစ်ဦး ဖြစ်သည်။

၃။ ဦးသန့်သည် မြန်မာတစ်ပြည်လုံး၏ ----------- စာမေးပွဲတွင် ပထမရရှိခဲ့သည်။

၄။ ဦးသန့်သည် ------------- ကလောင်အမည်ဖြင့် သတင်းစာဆောင်းပါးများကို ရေးသားခဲ့သည်။

၅။ နိုင်ငံတော်က ဦးသန့်ကို ----------- ဘွဲ့တံဆိပ်များ ချီးမြှင့်ခဲ့သည်။

**လုပ်ငန်း(၃)** အောက်ပါတို့ကို မှတ်စုရေးပါ။

၁။ ဦးသန့်ကို တပည့်များက အဘယ်ကြောင့် အထူးချစ်ခင်ကြသနည်း။

၂။ ဦးသန့်သည် မည်ကဲ့သို့သော စာရေးဆရာတစ်ဦးဖြစ်သနည်း။

၃။ ဦးသန့်ပါဝင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို သင်သိသမျှရေးပါ။

**လုပ်ငန်း(၄)** ငြိမ်းချမ်းရေးဗိသုကာ ဦးသန့် သင်ခန်းစာကို သင်ကြားရခြင်းဖြင့် သင် အားကျနှစ်သက်သော အကြောင်းအရာတို့ကို စာ ၅ ကြောင်းခန့်ရေးပါ။

**လုပ်ငန်း(၅)** သင်သဘောကျနှစ်သက်သော ခေါင်းဆောင်တစ်ဦး အကြောင်းကို စာ ၅ ကြောင်းခန့်ရေးပါ။

**လုပ်ငန်း(၆)** အားကျဂုဏ်ယူထိုက်သောသူတစ်ဦး ဖြစ်လာအောင် ငယ်စဉ်ကတည်းက မည်သို့စိတ်သဘောထားပြီး မည်သို့ပြုမူနေထိုင်ရမည်ဟု ထင်သနည်း။